# အမေရိကန်-အာဆီယံ ထိပ်သီးအလွန် ရလဒ်ထွက်အောင် အဖြေရှာရမည့် မြန်မာ့အရေး

## ■ ဖြစ်ရပ်အချက်အလက်

၂၀၂၂ ခုနှစ် မေ ၁၂-၁၃ ရက်တွေမှာ အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေးကို အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မှာ လုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ စစ်ကောင်စီ ဥက္ကဋ္ဌကို ဖိတ်ကြားခြင်းမရှိခဲ့ဘဲ အစည်းအဝေးကာလအတွင်း အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ရဲ့ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်ကို အမေရိကန်က ဖိတ်ခေါ်ခဲ့ ပြီး အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝင်ဒီရှာမန် အပါအဝင် အမေရိကန် နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံစေခဲ့ပါတယ်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီးက NUG နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ခဲ့တာကို တရားဝင် သတင်းထုတ်ခဲ့ပါတယ်။

## ■ ကနဦးသုံးသပ်ချက်

အမေရိကန်-အာဆီယံ အထူးထိပ်သီးအစည်းအဝေးဟာ အမေရိကန်နဲ့ အာဆီယံနိုင်ငံ များကြား စီးပွားရေးနဲ့ ဒေသတွင်း လုံခြုံရေးကူးလူးဆက်ဆံမှု ပိုမိုလုပ်ဆောင်ဖို့ အဓိက ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ရင်းနဲ့ ကွဲကူးရေပါ အာဆီယံဒေသတွင်းမှာ တရုတ် လွှမ်းမိုးမှုကို လျှော့ချဖို့ ကြိုးပမ်းလိုတဲ့ အမေရိကန်ရဲ့ ခြေလှမ်းဟာ ထင်သ လောက် ခရီးပေါက်ပုံမရပါဘူး။ အာဆီယံဟာ တရုတ်နဲ့ အမေရိကန်ဘက် တဖက်ဖက် ရွေးရမယ့် အန္တရာယ်ကို သဘောပေါက်တဲ့အတွက် နှစ်ဖက်စလုံးကို လေ့နှံနှစ်ဖက်နင်း မျှခြေရှာ ဆက်ဆံနေပုံရပါတယ်။ ဒါက ကမ္ဘာ့နိုင်ငံအများစုရဲ့ လက်ရှိ ပထဝီနိုင်ငံရေး မဟာဗျူဟာလို့တောင် ဆိုနိုင်ပါတယ်။ ရုရှားက ယူကရိန်းအပေါ် ကျူးကျော်စစ် ဆင်နွှဲ

ISPONPOINT
ယခုဖော်ပြသည့် ISP's OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ဆီလျော်မည့် ကနဦး သုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ်တန်ခြေများအား ISP-Myanmar က အကဲဖြတ် ဖော်ပြသွားပါမည်။

တာကို ဆန့်ကျင်တယ်၊ ဒါဟာ အချုပ်အခြာ အာဏာပိုင်ခွင့် ဆိုတဲ့ နိုင်ငံရေးနှုန်းစံနဲ့ နိုင်ငံတကာဥပဒေကို ချိုးဖောက်လို့ ဖြစ်တယ်။ ဒါပေမဲ့ ယူကရိန်းအရေးကို သုံးပြီး ကမ္ဘာလုံးဆိုင်ရာ အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီပဋိပက္ခသဖွယ် ပုံဖော်တာ ရုရှားကို အင်အားချည့်နဲ့အောင် အခွင့်ကောင်းယူတာမျိုးကို အမေရိကန် ဦးဆောင်တဲ့ အနောက်နိုင်ငံတွေ လုပ်လာမှာကိုတော့ လက်မခံကြပါဘူး။ အလားတူပဲ မြန်မာ့အရေးမှာ ရက်စက်ကြမ်းကြုတ်ပြီး လူထုထောက်ခံမှု လုံးဝမရှိတဲ့ စစ်ကောင်စီကို လက်မခံဘူး။ ဒါပေမဲ့ မြန်မာ့အရေးကို သုံးပြီး အာဆီယံမှာ တရုတ်ရဲ့အခန်းကဏ္ဍနဲ့ ဩဇာချည့်နဲ့အောင် လုပ်တာမျိုးကိုတော့ သတိထားပြီး ရှောင်ချင်ကြပုံရပါတယ်။ အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ကြေညာချက်မှာ ယူကရိန်းနဲ့ မြန်မာ့အရေးနှစ်ခု စလုံးကို ပြင်းပြင်းထန်ထန် ရှုတ်ချပြစ်တင်တာမျိုး ရှောင်ခဲ့တာကို သတိပြုနိုင်ပါတယ်။

အမေရိကန် ဦးဆောင်တဲ့အနောက်နိုင်ငံတွေဟာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆိုးရွားစွာ ကျူးလွန်နေတဲ့၊ ပြည်သူ့ဆန္ဒကို အလေးမထားတဲ့ စစ်ကောင်စီအပေါ် ပြင်းပြင်းထန်ထန် ဒဏ်ခတ်အရေးယူမှုမျိုးစုံ လုပ်နိုင်ပါတယ်။ လုပ်တန်သလောက် လည်း လုပ်နေပါတယ်။ ဒါပေမဲ့ မြန်မာ့အရေးမှာ ဘက်အသီးသီးက လက်ခံနိုင်တဲ့ (အထူးသဖြင့် ပြည်သူလူထု လက်သင့်ခံနိုင်လောက်တဲ့) အဖြေရလဒ်တခု ထွက်အောင် တော့ (မဟာဗျူဟာ အကျိုးစီးပွားအပါအဝင် အကြောင်းအမျိုးမျိုးကြောင့်) ဒီထက်ပို ထဲထဲဝင်ဝင် အားစိုက်ကြိုးစားဖွယ် သိပ်မရှိလှပါဘူး။ ဒါကြောင့် အာဆီယံကို ဗဟိုချက် အဖြစ် သဘောထားခြင်းဆိုတဲ့ မူနဲ့ပဲ မြန်မာ့အရေးကိုလည်း အာဆီယံလက်ထဲ ဆက် ပြီး ထိုးအပ်ထားတာကို မြင်နေရပါတယ်။ မြန်မာ့အရေးကို ဖြေရှင်းဖို့အတွက် တစ်ဆို့ နေတဲ့ ဘုံသဘောတူညီချက်ငါးရပ်ကိုပဲ ဆက်အကောင်အထည်ဖော်ဖို့သာ ဆက်တွန်း နေတာပါ။ အာဆီယံနိုင်ငံတွေကြား မြန်မာ့အရေးနဲ့ ပတ်သက်ပြီး ကွဲလွဲမှုတွေ ရှိနေ တာ၊ အကျပ်အတည်းဖြေရှင်းရေးအတွက် အာဆီယံမှာ ဟန်ချက်ညီ **ထောင့်စေ့ ဆီလျော်တဲ့မူဝါဒ** ရှိမနေတဲ့အတွက် မြန်မာ့အရေးဟာ ဗြဟ္မာဦးခေါင်းလို ဖြစ်နေဦးမှာ ပါပဲ။ ဒါကြောင့် အထူးထိပ်သီးအစည်းအဝေးဟာ မြန်မာ့နိုင်ငံရေးအကျပ်အတည်း

ဖြေရှင်းရေးအတွက် **ထိရောက်အကျိုးရှိတဲ့** အရွေ့တခုကို ရလဒ်ထွက်အောင် အဖြေရှာတာထက် လူအမြင်တင့်ရုံ၊ အပြကောင်းရုံ “မီးထက် မီးခိုးပိုထုတ်” နေတဲ့ ဇာတ်ဝင်ခန်းတခုထက် ပိုစရာမရှိပါဘူး။ အမေရိကန်-အာဆီယံ ပူးတွဲဦးဆောင်မှုသက်သက်နဲ့ ဇာတ်လမ်းဆုံးခန်းတိုင် ရောက်ဖို့ မမြင်ပါဘူး။ အခန့်မသင့်ရင် မျှော်လင့်ချက်အမှားတွေနဲ့ မြန်မာလူထုကို အာရုံထွေပြားစေနိုင်တာကို သတိချပ်ရမှာပါ။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံဘက်က အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ ပိုမိုဆက်သွယ်ဆွေးနွေးမှုတွေရှိလာနိုင်ပေမယ့် NUG ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုတာမျိုး၊ NUG က တောင်းဆိုနေတဲ့ မြန်မာနိုင်ငံပိုင် အမေရိကန်ဒေါ်လာ တစ်ဘီလျံကို လွှဲပြောင်းပေးအပ်တာမျိုး ဖြစ်ဖွယ်မရှိသေးပါဘူး။ အာဆီယံထဲက တနိုင်ငံချင်းကို စစ်ကောင်စီဘက်က ပါးရိုက်နားကိုက် ပြန်တုံ့ပြန်တာတွေ ရှိလာနိုင်လို့ ဒေသတွင်းသံတမန်ရေးပျက်ပြားမှုတွေ ဖြစ်လာနိုင်ပါတယ်။ အာဆီယံအဖွဲ့ထဲက မြန်မာကို ထုတ်ပယ်တာမျိုးကတော့ လတ်တလော အလားအလာရှိပုံမရပါဘူး။ ချုပ်ပြောရရင် တရုတ်အပါအဝင် ဒေသတွင်းနိုင်ငံကြီးတွေ မပါဝင်ဘဲ မြန်မာ့အရေးက ပြေလည်ဖွယ် မရှိပါဘူး။ ISP-Myanmar ရဲ့ **ကနဦးသုံးသပ်ချက် အမှတ်-၈** မှာ ထောက်ပြခဲ့သလိုပဲ နိုင်ငံတကာဘက်မှာ မြန်မာ့အရေးအတွက် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ အာဆီယံအထူးကိုယ်စားလှယ်စတဲ့ အင်အားစု ခြောက်စုက နိုင်ငံခြားရေးဝန်ကြီးအဆင့် အဆင့်မြင့်ကိုယ်စားလှယ်တွေ တွေ့ဆုံပြီး၊ မြန်မာလူထုရဲ့ အသံကို နားထောင်ရင်း အချင်းချင်း ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်မှုလုပ်မှသာ မြန်မာ့အရေးဟာ အဖြေရှာနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဒီလိုလုပ်ဖို့ နိုင်ငံတကာမှာ နိုင်ငံရေးစိတ်ဆန္ဒ မရှိဘူး၊ ဦးစီးဦးဆောင်မှု မရှိဘူးဆိုရင်တော့ အမေရိကန်-အာဆီယံ ထိပ်သီးအစည်းအဝေးမျိုးဟာ မြန်မာ့အကျပ်အတည်းဖြေရှင်းရေးအတွက်တော့ ဟန်ရေးပြတာထက်ပိုပြီးလက်တွေ့ကျတဲ့ အဖြေရဖွယ်မရှိဘူးလို့ သုံးသပ်နိုင်ပါတယ်။ ■

## စစ်အာဏာသိမ်းပြီးနောက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် တုံ့ပြန်မှု

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁**
အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် ထွက်ရှိ။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅**
အာဆီယံလူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက် ထွက်ရှိ။

**၂၀၂၁ ခုနှစ် မတ် ၂**
အာဆီယံဝန်ကြီးများ အလွတ်သဘော အစည်းအဝေးပြုလုပ်။

**၂၀၂၁ ခုနှစ် ဧပြီ ၂၄**
အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကျင်းပ၊ ဘုံသဘောတူညီချက် ငါးရပ် ထုတ်ပြန်။

**၂၀၂၁ ခုနှစ် ဇွန် ၄**
အာဆီယံဥက္ကဋ္ဌ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံ လာရောက်။

**၂၀၂၁ ခုနှစ် ဩဂုတ် ၄**
ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီ ဝမ်ယူဆော့ဖ်ကို အထူးကိုယ်စားလှယ်အဖြစ် ရွေးချယ်။

**၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂**
အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ် ပယ်ဖျက်။

**၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆**
အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ စစ်ကောင်စီဥက္ကဋ္ဌကို တက်ရောက်ခွင့် မပေးခဲ့။

**၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၂**
အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးသို့ စစ်ကောင်စီဥက္ကဋ္ဌ တက်ခွင့်ရရန် တရုတ်ဘက်က ကြိုးပမ်းခဲ့သော်လည်း တက်ရောက်ခွင့် ငြင်းပယ်ခံရ။

**၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅**
မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်းအား ခန့်အပ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ကြေညာ။

**၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ - ၈**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့်အတူ အာဆီယံအထူးကိုယ်စားလှယ်အသစ်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်းတို့ နေပြည်တော်သို့ လာရောက်ခဲ့။

**၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာ့အရေး ဖြေရှင်းရာ၌ ၂၀၂၁ အာဆီယံဥက္ကဋ္ဌ၊ ၂၀၂၂ အာဆီယံဥက္ကဋ္ဌနှင့် ၂၀၂၃ အာဆီယံဥက္ကဋ္ဌတို့ သုံးပွင့်ဆိုင် ဖြေရှင်းရန် အကြံပြု။

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာ့အရေးကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း ပြောကြား။

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ - ၁၇**
အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် စစ်ကောင်စီကို တက်ရောက်ခွင့်မပြု။

**၂၀၂၂ ခုနှစ် မတ် ၇**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ဂျပန်အထူးကိုယ်စားလှယ်တို့ တွေ့ဆုံပြီး မြန်မာ့ဒီမိုကရေစီအရေးအတွက် အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဟွန်ဆန် တိုက်တွန်း။

**၂၀၂၂ ခုနှစ် မတ် ၂၁ - ၂၃**
မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်း နေပြည်တော်သို့ အထူးကိုယ်စားလှယ်အနေဖြင့် ပထမဆုံး လာရောက်။

**၂၀၂၂ ခုနှစ် ဧပြီ ၂၅**
မြန်မာနိုင်ငံဆိုင်ရာ ထိုင်းအထူးကိုယ်စားလှယ်အသစ်အဖြစ် Pornpimol Kanchanalak အား ပထမဆုံးအကြိမ်အဖြစ် ခန့်အပ်။

**၂၀၂၂ ခုနှစ် မေ ၂**
သမ္မတ ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား အာဆီယံအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံခွင့်ပြုရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က စစ်ကောင်စီဥက္ကဋ္ဌအား တိုက်တွန်း။

**၂၀၂၂ ခုနှစ် မေ ၆**
အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်းနှင့် အာဆီယံနိုင်ငံများမှ အရာရှိများ ပါဝင်သော "မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရန် အစည်းအဝေး" ကျင်းပ။

**၂၀၂၂ ခုနှစ် မေ ၁၁**
အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆုက်ခွန်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တွေ့ဆုံဆွေးနွေးမည့်အပေါ် ကြိုဆိုကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား။

**၂၀၂၂ ခုနှစ် မေ ၁၄**
မလေးရှားနိုင်ငံခြားရေးဝန်ကြီး Datuk Seri Saifuddin Abdullah နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်တို့ ဝါရှင်တန်၌ တွေ့ဆုံ။

**၂၀၂၂ ခုနှစ် မေ ၁၇**
မလေးရှားနိုင်ငံခြားရေးဝန်ကြီး Datuk Seri Saifuddin Abdullah နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါတို့ ကွာလာလမ်ပူ၌ တွေ့ဆုံ။